# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လပတ်

## ( အောက်တိုဘာလ မှ မတ်လအထိ )

## ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ

၂၀၁၇ ခုနှစ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအား တင်ပြခြင်း

၁။ ပြည်ထောင်စုဌာနအဖွဲ့အစည်းအားလုံး၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(၆)လပတ်လျာထားချက်အပေါ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာအား ပြုစုတင်ပြအပ်ပါသည်။

၂။ ပြည်ထောင်စုဌာနအဖွဲ့အစည်းအားလုံး၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(၆)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ဒုတိယ(၆)လပတ် လျာထားချက် | ဒုတိယ(၆)လပတ်အတွက် အကောင်အထည် ဖော်နိုင်မှု | အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | **ရငွေ** | **၁၀,၅၄၈,၉၆၆.၂၉၄** | **၁၀,၂၈၀,၅၇၈.၃၈၅** | **၉၇.၄၆%** |
| | သာမန် | ၉,၂၃၅,၂၇၇.၆၉၆ | ၉,၅၇၇,၁၄၄.၅၈၃ | ၁၀၃.၇၀% |
| | ငွေလုံးငွေရင်း | ၂၆၇,၉၉၁.၃၉၇ | ၁၆၅,၉၅၁.၇၆၀ | ၆၁.၉၂% |
| | ကြွေးမြီ | ၁,၀၄၅,၆၉၇.၂၀၁ | ၅၃၇,၄၈၂.၀၄၂ | ၅၁.၄၀% |
| (ခ) | **သုံးငွေ** | **၁၂,၆၃၇,၇၂၀.၆၃၁** | **၁၁,၆၉၁,၄၉၉.၂၅၀** | **၉၂.၅၁%** |
| | သာမန် | ၈,၇၁၉,၀၈၁.၀၂၉ | ၈,၂၂၆,၃၅၀.၅၇၁ | ၉၄.၃၅% |
| | ငွေလုံးငွေရင်း | ၃,၆၅၈,၈၇၁.၅၃၇ | ၃,၁၈၈,၃၉၅.၈၃၃ | ၈၇.၁၄% |
| | ကြွေးမြီ | ၂၅၉,၇၆၈.၀၆၅ | ၂၇၆,၇၅၂.၈၄၆ | ၁၀၆.၅၄% |
| (ဂ) | **ပိုငွေ(+)/လိုငွေ(-)** | **(-)၂,၀၈၈,၇၅၄.၃၃၇** | **(-)၁,၄၁၀,၉၂၀.၈၆၅** | |

**ဗဟိုအဖွဲ့အစည်းများ(၁၁)ခု**

၃။ ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(၆)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ဒုတိယ(၆)လပတ် လျာထားချက် | ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | **ရငွေ** | **၁,၈၃၁.၀၂၂** | **၁,၆၅၇.၁၇၄** | **၉၀.၅၁%** |
| | သာမန် | ၂၈၇.၇၄၁ | ၈၆၀.၆၈၉ | ၂၉၉.၁၂% |
| | ငွေလုံးငွေရင်း | ၆၂၀.၈၄၆ | ၃၂၂.၆၆၄ | ၅၁.၉၇% |
| | ကြွေးမြီ | ၉၂၂.၄၃၅ | ၄၇၃.၈၂၁ | ၅၁.၃၇% |
| (ခ) | **သုံးငွေ** | **၅၅,၂၃၄.၆၅၂** | **၄၀,၇၆၆.၅၁၀** | **၇၃.၈၁%** |
| | သာမန် | ၄၂,၁၃၀.၈၀၈ | ၂၇,၂၆၇.၃၄၄ | ၆၄.၇၂% |
| | ငွေလုံးငွေရင်း | ၁၃,၁၀၃.၈၄၄ | ၁၃,၄၉၉.၁၆၆ | ၁၀၃.၀၂% |
| | ကြွေးမြီ | | | |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၅၃,၄၀၃.၆၃၀ | (-)၃၉,၁၀၉.၃၃၆ | |

**ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ(၂၂)ခု**

၄။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(၆)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ဒုတိယ(၆)လပတ် လျာထားချက် | ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | **ရငွေ** | **၆,၁၀၉,၁၆၃.၄၇၃** | **၅,၇၃၇,၄၈၃.၁၉၄** | **၉၃.၉၂%** |
| | သာမန် | ၅,၃၉၂,၆၁၇.၀၉၄ | ၅,၃၅၂,၈၁၅.၀၂၅ | ၉၉.၂၆% |
| | ငွေလုံးငွေရင်း | ၂၃၅,၂၅၆.၆၇၀ | ၁၃၆,၂၄၅.၈၉၁ | ၅၇.၉၁% |
| | ကြွေးမြီ | ၄၈၁,၂၈၉.၇၀၉ | ၂၄၈,၄၂၂.၂၇၈ | ၅၁.၆၂% |
| (ခ) | **သုံးငွေ** | **၇,၃၉၀,၈၂၈.၆၄၁** | **၇,၀၉၅,၉၀၀.၅၆၅** | **၉၆.၀၁%** |
| | သာမန် | ၄,၅၈၈,၈၀၄.၇၂၃ | ၄,၄၂၀,၁၃၂.၇၃၄ | ၉၆.၃၅% |
| | ငွေလုံးငွေရင်း | ၂,၇၂၅,၄၃၁.၃၂၃ | ၂,၅၉၇,၄၇၂.၃၂၀ | ၉၅.၃၀% |
| | ကြွေးမြီ | ၇၆,၅၉၂.၅၉၅ | ၇၇,၂၉၅.၅၁၁ | ၁၀၀.၉၂% |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၁,၂၈၁,၆၆၅.၁၆၈ | (-)၁,၃၅၈,၄၁၇.၃၇၁ | |

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ (၁) ခု**

၅။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(၆)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ဒုတိယ(၆)လပတ် လျာထားချက် | ဒုတိယ(၆)လပတ်အတွက် အကောင်အထည် ဖော်နိုင်မှု | အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|
| (က) **ရငွေ** | **၂၇,၉၆၃.၂၅၆** | **၃၉,၈၀၄.၅၃၂** | **၁၄၂.၃၅%** |
| သာမန် | ၂၇,၉၅၇.၆၄၈ | ၃၉,၇၈၄.၀၁၆ | ၁၄၂.၃၀% |
| ငွေလုံးငွေရင်း ကြွေးမြီ | ၅.၆၀၈ | ၂၀.၅၁၆ | ၃၆၅.၈၃% |
| (ခ) **သုံးငွေ** | **၁၁,၂၁၇.၉၇၆** | **၉,၈၁၃.၆၈၅** | **၈၇.၄၈%** |
| သာမန် | ၈,၂၅၉.၇၉၀ | ၇,၂၈၁.၆၂၈ | ၈၈.၁၆% |
| ငွေလုံးငွေရင်း ကြွေးမြီ | ၂,၉၅၈.၁၈၆ | ၂,၅၃၂.၀၅၇ | ၈၅.၅၉% |
| (ဂ) ပိုငွေ(+)/လိုငွေ(-) | (+)၁၆,၇၄၅.၂၈၀ | (+)၂၉,၉၉၀.၈၄၇ | |

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (၇)ခု**

၆။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(၆)လပတ်လျာထားချက်အပေါ် ယာယီရငွေ၊သုံးငွေနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ဒုတိယ(၆)လပတ် လျာထားချက် | ဒုတိယ(၆)လပတ်အတွက် အကောင်အထည် ဖော်နိုင်မှု | အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|
| (က) **ရငွေ** | **၃,၃၃၉,၇၀၈.၃၃၈** | **၃,၄၇၉,၇၆၉.၈၇၅** | **၁၀၄.၁၉%** |
| သာမန် | ၂,၉၆၇,၇၆၂.၈၁၉ | ၃,၃၆၉,၇၅၃.၈၅၄ | ၁၁၃.၅၅% |
| ငွေလုံးငွေရင်း | ၂၆,၆၉၅.၂၉၅ | ၂၅,၀၁၈.၇၇၃ | ၉၃.၇၂% |
| ကြွေးမြီ | ၃၄၅,၂၅၀.၂၂၄ | ၈၄,၉၉၇.၂၄၈ | ၂၄.၆၂% |
| (ခ) **သုံးငွေ** | **၄,၀၀၃,၅၆၀.၇၂၅** | **၃,၄၀၂,၀၄၈.၆၀၀** | **၈၄.၉၈%** |
| သာမန် | ၃,၂၁၆,၅၀၀.၅၈၅ | ၂,၉၂၃,၇၃၇.၃၉၀ | ၉၀.၉၀% |
| ငွေလုံးငွေရင်း | ၆၄၄,၀၈၀.၄၄၄ | ၃၁၉,၈၅၉.၈၉၆ | ၄၉.၆၆% |
| ကြွေးမြီ | ၁၄၂,၉၇၉.၆၉၆ | ၁၅၈,၄၅၁.၃၁၄ | ၁၁၀.၈၂% |
| (ဂ) ပိုငွေ(+)/လိုငွေ(-) | (-)၆၆၃,၈၅၂.၃၈၇ | (+)၇၇,၇၂၁.၂၇၅ | |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (၃) ခု

၇။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(၆)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ဒုတိယ(၆)လပတ် လျာထားချက် | ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|
| (က) ရငွေ | ၇၁၄,၀၂၆.၆၃၅ | ၆၇၈,၁၇၁.၁၇၇ | ၉၄.၉၈% |
| သာမန် | ၄၉၀,၄၅၆.၉၀၂ | ၄၇၀,၂၆၆.၀၈၂ | ၉၅.၈၈% |
| ငွေလုံးငွေရင်း | ၅,၃၃၄.၉၀၀ | ၄,၁၁၆.၄၀၀ | ၈၀.၉၁% |
| ကြွေးမြီ | ၂၁၈,၂၃၄.၈၃၃ | ၂၀၃,၅၈၈.၆၉၅ | ၉၃.၂၉% |
| (ခ) သုံးငွေ | ၇၇၀,၃၃၉.၁၃၈ | ၇၅၅,၇၅၀.၆၈၃ | ၉၈.၁၁% |
| သာမန် | ၄၈၁,၇၈၉.၈၇၀ | ၄၈၃,၁၃၇.၈၄၂ | ၁၀၀.၂၈% |
| ငွေလုံးငွေရင်း | ၂၄၈,၃၅၃.၈၉၄ | ၂၃၁,၆၀၆.၈၂၀ | ၉၃.၂၆% |
| ကြွေးမြီ | ၄၀,၁၉၅.၇၇၄ | ၄၁,၀၀၆.၀၂၁ | ၁၀၂.၀၂% |
| (ဂ) ပိုငွေ(+)/လိုငွေ(-) | (-)၅၆,၃၁၂.၉၀၃ | (-)၇၇,၅၇၉.၅၀၆ | |

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(၆)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ဒုတိယ(၆)လပတ် လျာထားချက် | ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|
| (က) ရငွေ | ၃၃၃,၂၁၈.၆၆၉ | ၃၂၃,၆၅၀.၆၅၈ | ၉၇.၁၂% |
| သာမန် | ၃၃၃,၂၁၈.၆၆၉ | ၃၂၃,၆၅၀.၆၅၈ | ၉၇.၁၂% |
| ငွေလုံးငွေရင်း | | | |
| ကြွေးမြီ | | | |
| (ခ) သုံးငွေ | ၃၅၈,၉၈၇.၄၇၀ | ၃၄၈,၅၉၀.၉၀၀ | ၉၇.၁၀% |
| သာမန် | ၃၅၇,၃၉၇.၄၃၇ | ၃၄၇,၁၄၈.၀၉၂ | ၉၇.၁၃% |
| ငွေလုံးငွေရင်း | ၁,၅၉၀.၀၃၃ | ၁,၄၄၂.၈၀၈ | ၉၀.၇၄% |
| ကြွေးမြီ | | | |
| (ဂ) ပိုငွေ(+)/လိုငွေ(-) | (-)၂၅,၇၆၈.၈၀၁ | (-)၂၄,၉၄၀.၂၄၂ | |

**တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ**

၉။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(ဖ)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ဒုတိယ(ဖ)လပတ် လျာထားချက် | ဒုတိယ(ဖ)လပတ်အတွက် အကောင်အထည် ဖော်နိုင်မှု | အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ရငွေ | ၅၅၅.၈၄၇ | ၅၀၈.၂၆၆ | ၉၁.၄၄% |
| | သာမန် | ၅၅၅.၈၄၇ | ၅၀၈.၂၆၆ | ၉၁.၄၄% |
| | ငွေလုံးငွေရင်း ကြွေးမြီ | | | |
| (ခ) | သုံးငွေ | ၆၇၉.၅၈၆ | ၆၄၅.၆၇၉ | ၉၅.၀၁% |
| | သာမန် | ၆၃၉.၅၈၆ | ၆၀၈.၆၂၂ | ၉၅.၁၆% |
| | ငွေလုံးငွေရင်း ကြွေးမြီ | ၄၀.၀၀၀ | ၃၇.၀၅၇ | ၉၂.၆၄% |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၁၂၃.၇၃၉ | (-)၁၃၇.၄၁၃ | |

**နေပြည်တော်ကောင်စီ**

၁၀။ နေပြည်တော်ကောင်စီ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(ဖ)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| | အကြောင်းအရာ | ဒုတိယ(ဖ)လပတ် လျာထားချက် | ဒုတိယ(ဖ)လပတ်အတွက် အကောင်အထည် ဖော်နိုင်မှု | အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| (က) | ရငွေ | ၉၇.၇၅၆ | ၁၁၂.၈၄၂ | ၁၁၅.၄၃% |
| | သာမန် | ၉၇.၇၅၆ | ၁၁၂.၈၄၂ | ၁၁၅.၄၃% |
| | ငွေလုံးငွေရင်း ကြွေးမြီ | | | |
| (ခ) | သုံးငွေ | ၁၇,၃၆၂.၂၃၆ | ၁၆,၄၂၆.၅၃၆ | ၉၄.၆၀% |
| | သာမန် | ၆၄၅.၉၄၈ | ၅၀၈.၄၈၂ | ၇၈.၇၂% |
| | ငွေလုံးငွေရင်း ကြွေးမြီ | ၁၆,၇၁၆.၂၈၈ | ၁၅,၉၁၈.၀၅၄ | ၉၅.၂၂% |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၁၇,၂၆၄.၄၈၀ | (-)၁၆,၃၁၃.၆၉၄ | |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၁၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(၆)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| အကြောင်းအရာ | ဒုတိယ(၆)လပတ် လျာထားချက် | ဒုတိယ(၆)လပတ်အတွက် အကောင်အထည် ဖော်နိုင်မှု | အကောင်အထည် ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|
| (က) **ရငွေ** | **၂၂,၃၈၁.၂၉၈** | **၁၉,၄၂၀.၆၆၇** | **၈၆.၇၇%** |
| သာမန် | ၂၂,၃၀၃.၂၂၀ | ၁၉,၃၉၃.၁၅၁ | ၈၆.၉၅% |
| ငွေလုံးငွေရင်း ကြွေးမြီ | ၇၈.၀၇၈ | ၂၇.၅၁၆ | ၃၅.၂၄% |
| (ခ) **သုံးငွေ** | **၂၉,၅၀၉.၈၀၇** | **၂၁,၅၅၆.၀၉၂** | **၇၃.၀၅%** |
| သာမန် | ၂၂,၉၁၂.၂၈၂ | ၁၅,၅၂၈.၄၃၇ | ၆၇.၇၇% |
| ငွေလုံးငွေရင်း ကြွေးမြီ | ၆,၅၉၇.၅၂၅ | ၆,၀၂၇.၆၅၅ | ၉၁.၃၆% |
| (ဂ) **ပိုငွေ(+)/လိုငွေ(-)** | **(-)၇,၁၂၈.၅၀၉** | **(-)၂,၁၃၅.၄၂၅** | |

၁၂။ ၂၀၁၆-၂၀၁၇ ခု ၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဌာနအဖွဲ့အစည်းအားလုံး၏ ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် အကျဉ်းချုပ်ရှင်းလင်းချက်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

| | |
|---|---|
| (က) ဗဟိုအဖွဲ့အစည်းများ | နောက်ဆက်တွဲ(က) |
| (ခ) ဝန်ကြီးဌာန ၊ ဦးစီးဌာနများ | နောက်ဆက်တွဲ(ခ) |
| (ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန ၊ ဦးစီးဌာနများ | နောက်ဆက်တွဲ(ဂ) |
| (ဃ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နောက်ဆက်တွဲ(ဃ) |
| (င) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နောက်ဆက်တွဲ(င) |
| (စ) မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နောက်ဆက်တွဲ(စ) |
| (ဆ) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နောက်ဆက်တွဲ(ဆ) |
| (ဇ) နေပြည်တော်ကောင်စီ | နောက်ဆက်တွဲ(ဇ) |
| (ဈ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နောက်ဆက်တွဲ(ဈ) |

## ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | ၀.၆၂၂ | ၅,၂၇၅.၄၅၅ | -၅,၂၇၄.၈၃၃ | ၁.၅၂၆ | ၃,၄၄၀.၈၈၉ | -၃,၄၃၉.၃၆၃ | ၂၄၅.၃၄% | ၆၅.၂၂% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၃၉.၄၅၀ | ၉၂၂.၂၅၀ | -၈၈၂.၈၀၀ | ၆၀.၈၁၀ | ၆၅၀.၇၂၉ | -၅၈၉.၉၁၉ | ၁၅၄.၁၄% | ၇၀.၅၆% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၉၁၆.၃၂၅ | ၃,၀၅၃.၂၆၈ | -၂,၁၃၆.၉၄၃ | ၂၅၁.၃၉၂ | ၂,၅၁၉.၅၁၉ | -၂,၂၆၈.၁၂၇ | ၂၇.၄၃% | ၈၂.၅၂% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၀.၉၅၃ | ၇,၆၉၅.၁၆၇ | -၇,၆၉၄.၂၁၄ | ၃.၂၆၅ | ၆,၈၆၁.၇၁၄ | -၆,၈၅၈.၄၈၉ | ၃၄၂.၆၀% | ၈၉.၁၇% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၀၁၈ | ၆,၀၇၈.၅၀၄ | -၆,၀၇၈.၄၈၆ | ၂.၄၃၃ | ၃,၂၁၅.၃၁၉ | -၃,၂၁၂.၈၈၆ | ၁၃၅၁၆.၆၇% | ၅၂.၉၀% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၈၉.၆၀၉ | ၁၃,၈၅၈.၁၁၆ | -၁၃,၇၆၈.၅၀၇ | ၄၈၁.၄၃၉ | ၁၃,၂၇၂.၅၃၂ | -၁၂,၇၉၁.၀၉၃ | ၅၃၇.၂၇% | ၉၅.၇၇% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၅၀ | ၄၀၈.၆၆၁ | -၄၀၈.၆၁၁ | ၀.၀၃၀ | ၃၅၁.၃၂၇ | -၃၅၁.၂၉၇ | ၆၀.၀၀% | ၈၅.၉၇% |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၁၁.၃၆၁ | ၁၀,၁၆၆.၆၆၈ | -၁၀,၁၅၅.၃၀၇ | ၂၇.၅၈၁ | ၃,၁၉၂.၄၁၈ | -၃,၁၆၄.၈၃၇ | ၂၄၂.၇၇% | ၃၁.၄၀% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၃.၂၂၁ | ၉၇၀.၁၂၃ | -၉၅၆.၉၀၂ | ၁၆.၅၅၂ | ၉၃၈.၇၃၈ | -၉၂၂.၁၈၆ | ၁၂၅.၁၉% | ၉၆.၇၆% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၇၃၃.၁၇၈ | ၂,၉၉၃.၈၁၂ | -၂,၂၆၀.၆၃၄ | ၆၆၉.၀၇၉ | ၂,၆၂၅.၇၉၈ | -၁,၉၅၆.၇၁၉ | ၉၁.၂၅% | ၈၇.၇၀% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂၆.၂၃၅ | ၃,၈၁၂.၆၂၈ | -၃,၇၈၆.၃၉၃ | ၁၄၃.၁၀၇ | ၃,၆၉၇.၄၈၇ | -၃,၅၅၄.၃၈၀ | ၅၄၅.၄၈% | ၉၆.၉၈% |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | ၀.၁၃၄ | ၄၀၄.၁၇၀ | -၄၀၄.၀၃၆ | ၀.၁၇၆ | ၄၀၂.၇၉၂ | -၄၀၂.၆၁၆ | ၁၃၁.၃၄% | ၉၉.၆၆% |
| | | ၂။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ၁၆.၁၁၆ | ၄၉၀.၆၅၈ | -၄၇၄.၅၄၂ | ၁၀၂.၉၁၅ | ၄၈၁.၉၉၅ | -၃၇၉.၀၈၀ | ၆၃၈.၅၉% | ၉၈.၂၃% |
| | | ၃။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၂.၅၁၀ | ၁,၆၇၂.၈၀၈ | -၁,၆၇၀.၂၉၈ | ၂၆.၅၈၅ | ၁,၅၀၉.၉၄၅ | -၁,၄၈၃.၃၆၀ | ၁၀၅၉.၁၆% | ၉၀.၂၆% |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၇.၄၆၅ | ၈၆၄.၅၈၈ | -၈၅၇.၁၂၃ | ၁၃.၁၆၅ | ၈၀၇.၁၂၈ | -၇၉၃.၉၆၃ | ၁၇၆.၃၆% | ၉၃.၃၅% |
| | | ၅။ ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၁၀ | ၃၈၀.၄၀၄ | -၃၈၀.၃၉၄ | ၀.၂၆၆ | ၄၉၅.၆၂၇ | -၄၉၅.၃၆၁ | ၂၆၆၀.၀၀% | ၁၃၀.၂၉% |
| | | စုစုပေါင်း | ၁,၈၃၁.၀၂၂ | ၅၅,၂၇၄.၆၅၂ | -၅၃,၄၀၃.၆၃၀ | ၁,၆၅၇.၁၇၄ | ၄၀,၇၆၆.၅၀၀ | -၃၉,၁၀၉.၃၃၆ | ၉၀.၅၁% | ၇၃.၈၁% |

D:\Excel\Quarterly Reports[2016-2017]\2016-2017 Second six month (5-5-2017)

## ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | ၀.၆၂၂ | ၅,၂၇၀.၄၅၃ | -၅,၂၆၉.၈၃၁ | ၁.၅၂၆ | ၃,၄၃၁.၉၁၁ | -၃,၄၃၀.၃၈၅ | ၂၄၅.၃၄% | ၆၅.၁၂% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၃၉.၃၀၀ | ၈၈၂.၃၀၅ | -၈၄၃.၀၀၅ | ၆၀.၈၁၀ | ၆၀၀.၈၉၇ | -၅၄၀.၀၈၇ | ၁၅၄.၇၃% | ၆၈.၁၀% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၉.၈၆၀ | ၇၉၈.၆၀၈ | -၇၈၈.၇၄၈ | ၉.၄၈၄ | ၆၆၀.၅၁၆ | -၆၅၁.၀၃၂ | ၉၆.၁၉% | ၈၂.၇၃% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၀.၉၅၃ | ၅,၆၅၃.၇၃၄ | -၅,၆၅၂.၇၈၁ | ၃.၂၆၅ | ၄,၁၀၅.၀၃၁ | -၄,၁၀၁.၇၆၆ | ၃၄၂.၆၀% | ၇၂.၆၁% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၀၁၈ | ၅,၃၂၂.၃၄၄ | -၅,၃၂၂.၃၂၆ | ၂.၂၃၃ | ၂,၃၃၅.၇၈၁ | -၂,၃၃၃.၅၄၈ | ၁၂၄၀၅.၅၆% | ၄၃.၈၉% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၈၄.၄၀၉ | ၈,၃၃၁.၉၃၅ | -၈,၂၄၇.၅၂၆ | ၄၇၇.၄၃၉ | ၇,၇၉၀.၂၉၉ | -၇,၃၁၂.၈၆၀ | ၅၆၅.၆၃% | ၉၃.၅၀% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး | ၀.၀၅၀ | ၄၀၈.၆၆၁ | -၄၀၈.၆၁၁ | ၀.၀၃၀ | ၃၅၁.၁၆၂ | -၃၅၁.၁၃၂ | ၆၀.၀၀% | ၈၅.၉၃% |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး | ၁၁.၃၆၁ | ၈,၆၇၉.၄၂၃ | -၈,၆၆၈.၀၆၂ | ၂၇.၅၈၁ | ၁,၇၀၇.၃၅၅ | -၁,၆၇၉.၇၇၄ | ၂၄၂.၇၇% | ၁၉.၆၇% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁၃.၂၂၁ | ၉၆၁.၂၆၄ | -၉၄၈.၀၄၃ | ၁၆.၅၅၂ | ၉၅၃.၀၆၇ | -၉၃၆.၅၁၅ | ၁၂၅.၁၉% | ၉၉.၁၅% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁၀၁.၇၁၂ | ၂,၀၆၅.၆၄၇ | -၁,၉၆၃.၉၃၅ | ၁၁၉.၄၁၆ | ၁,၆၈၂.၅၇၇ | -၁,၅၆၃.၁၂၁ | ၁၁၇.၄၁% | ၈၁.၄၅% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂၆.၂၃၅ | ၃,၇၅၆.၄၃၄ | -၃,၇၃၀.၁၉၉ | ၁၄၂.၁၅၃ | ၃,၆၄၈.၇၈၈ | -၃,၅၀၆.၄၃၅ | ၅၄၂.၆၁% | ၉၇.၁၃% |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | ၀.၁၃၄ | ၄၀၄.၁၇၀ | -၄၀၄.၀၁၆ | ၀.၁၇၆ | ၄၀၂.၈၃၅ | -၄၀၂.၆၅၉ | ၁၁၁.၃၄% | ၉၉.၆၇% |
| | | ၂။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန | ၁၆.၁၁၆ | ၄၆၈.၄၂၄ | -၄၅၂.၃၀၈ | ၁၀၂.၉၁၅ | ၄၆၄.၉၁၆ | -၃၆၂.၀၁၂ | ၆၃၈.၅၉% | ၉၉.၂၆% |
| | | ၃။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ၂.၅၁၀ | ၁,၆၆၃.၈၀၈ | -၁,၆၆၁.၂၉၈ | ၂၅.၈၁၁ | ၁,၅၀၀.၇၄၅ | -၁,၄၇၄.၉၁၄ | ၁၀၂၈.၁၂% | ၉၀.၂၀% |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၇.၄၆၅ | ၈၅၂.၆၂၈ | -၈၄၅.၁၆၃ | ၁၃.၁၆၅ | ၇၉၆.၂၀၈ | -၇၈၃.၀၄၃ | ၁၇၆.၃၆% | ၉၃.၃၈% |
| | | ၅။ ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၁၀ | ၃၆၇.၄၀၄ | -၃၆၇.၃၉၄ | ၀.၂၆၆ | ၄၈၄.၀၆၄ | -၄၈၃.၇၉၈ | ၂၆၆၀.၀၀% | ၁၃၁.၇၅% |
| | | စုစုပေါင်း | ၂၈၇.၇၄၁ | ၄၂,၁၃၀.၈၀၈ | -၄၁,၈၄၃.၀၆၇ | ၈၆၀.၆၈၉ | ၂၇,၂၆၇.၃၄၄ | -၂၆,၄၀၆.၆၅၅ | ၂၉၉.၁၂% | ၆၄.၇၂% |

## ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | ၅.၀၀၂ | -၅.၀၀၂ | | ၈.၉၇၈ | -၈.၉၇၈ | | ၁၇၉.၄၉% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၀.၁၅၀ | ၃၉.၉၄၅ | -၃၉.၇၉၅ | | ၄၉.၈၃၂ | -၄၉.၈၃၂ | | ၁၂၄.၇၅% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၃၆၂.၉၁၀ | ၂,၂၅၄.၆၆၀ | -၁,၈၉၁.၇၅၀ | ၉၇.၀၆၃ | ၁,၈၅၉.၀၀၃ | -၁,၇၆၁.၉၄၀ | ၂၆.၇၅% | ၈၂.၄၅% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | | ၂,၀၄၁.၄၃၃ | -၂,၀၄၁.၄၃၃ | | ၂,၇၅၆.၇၂၃ | -၂,၇၅၆.၇၂၃ | | ၁၃၅.၀၄% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | | ၇၅၆.၁၆၀ | -၇၅၆.၁၆၀ | ၀.၂၀၀ | ၈၇၉.၅၃၈ | -၈၇၉.၃၃၈ | | ၁၁၆.၃၂% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၅.၂၀၀ | ၅.၅၂၆.၁၈၁ | -၅.၅၂၀.၉၈၁ | ၄.၀၀၀ | ၅.၄၈၂.၂၃၃ | -၅.၄၇၈.၂၃၃ | ၇၆.၉၂% | ၉၉.၂၀% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး | | | | | ၀.၁၆၅ | -၀.၁၆၅ | | |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး | | ၁,၄၈၇.၂၄၅ | -၁,၄၈၇.၂၄၅ | | ၁,၄၈၅.၀၆၃ | -၁,၄၈၅.၀၆၃ | | ၉၉.၈၅% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | ၈.၈၅၉ | -၈.၈၅၉ | | -၁၄.၃၂၉ | +၁၄.၃၂၉ | | |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၂၅၂.၅၈၆ | ၉၂၈.၁၆၅ | -၆၇၅.၅၇၉ | ၂၂၀.၆၄၇ | ၉၄၃.၂၆၁ | -၇၂၂.၆၁၄ | ၈၇.၃၆% | ၁၀၁.၆၃% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | | ၅၆.၁၉၄ | -၅၆.၁၉၄ | ၀.၇၅၄ | ၄၈.၆၉၉ | -၄၇.၉၄၅ | | ၈၆.၆၆% |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | | | | | -၀.၀၄၃ | +၀.၀၄၃ | | |
| | | ၂။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန | | ၂၂.၂၃၄ | -၂၂.၂၃၄ | | ၁၇.၀၅၉ | -၁၇.၀၅၉ | | ၇၆.၇၂% |
| | | ၃။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | | ၉.၀၀၀ | -၉.၀၀၀ | ၀.၇၅၄ | ၉.၂၀၀ | -၈.၄၄၆ | | ၁၀၂.၂၂% |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | | ၁၁.၉၆၀ | -၁၁.၉၆၀ | | ၁၀.၉၂၀ | -၁၀.၉၂၀ | | ၉၁.၃၀% |
| | | ၅။ ဝန်ထမ်းရေးရာဦးစီးဌာန | | ၁၃.၀၀၀ | -၁၃.၀၀၀ | | ၁၁.၅၆၃ | -၁၁.၅၆၃ | | ၈၈.၉၅% |
| | | စုစုပေါင်း | ၆၂၀.၈၄၆ | ၁၃,၁၀၃.၈၄၄ | -၁၂,၄၈၂.၉၉၈ | ၃၂၂.၆၆၄ | ၁၃,၄၉၉.၁၆၆ | -၁၃,၁၇၆.၅၀၂ | ၅၁.၉၇% | ၁၀၃.၀၂% |

## ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | | | | | | | |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | | | | | |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၅၄၃.၅၅၅ | | +၅၄၃.၅၅၅ | ၁၄၄.၈၄၅ | | +၁၄၄.၈၄၅ | ၂၆.၆၅% | |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | | | | | | | | |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | | | | | | | | |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | | | | | | | | |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး | | | | | | | | |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး | | | | | | | | |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | | | | | | | |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၃၇၈.၈၈၀ | | +၃၇၈.၈၈၀ | ၃၂၈.၉၇၆ | | +၃၂၈.၉၇၆ | ၈၆.၈၃% | |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | | | | | | | | |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | | | | | | | | |
| | | ၂။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန | | | | | | | | |
| | | ၃။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | | | | | | | | |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | | | | | | | | |
| | | ၅။ ဝန်ထမ်းရေးရာဦးစီးဌာန | | | | | | | | |
| | | စုစုပေါင်း | ၉၂၂.၄၃၅ | | +၉၂၂.၄၃၅ | ၄၇၃.၈၂၀ | | +၄၇၃.၈၂၀ | ၅၁.၃၇% | |

## ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊ သုံးငွေ။** ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် သာမန်ရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၂၈၇.၇၄၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈၆၀.၆၈၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၉၉.၁၂ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၄၂,၁၃၀.၈၀၈ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၇,၂၆၇.၃၄၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၄.၇၂ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် ဆိုင်ခန်းငှားရမ်းခများ တိုးမြှင့်ကောက်ခံခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၁-၁၀-၂၀၁၁ မတိုင်မီက တရားရုံးအပ်ငွေများအား ဘဏ္ဍာသိမ်း ခေါင်းစဉ်သို့လည်းကောင်း၊ ဘဏ္ဍာရေးနှစ် (၃)နှစ် ကျော်လွန်သည့် တရားရုံးအပ်ငွေ များအား အချိန်လွန်အပ်ငွေခေါင်းစဉ်သို့လည်းကောင်း စာရင်းပြောင်းရွှေ့ခြင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် စာမေးပွဲဝင်ကြေးကို ကျပ် ၅၀၀/-မှ ကျပ် ၅၀၀၀/- သို့ တိုးမြှင့်သတ်မှတ်ခဲ့သဖြင့် စာမေးပွဲဝင်ကြေး များပိုမိုရရှိခြင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် တက္ကသိုလ်အတွင်း တာဝါတိုင် ဆောက်လုပ်မှုအတွက် (edotco Myanmar) လီမိတက်ထံမှ မြေနေရာငှားရမ်းခ ရငွေများ၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(AGD) လီမိတက်ထံမှ မြေနေရာငှားရမ်းခ ရငွေများရရှိခဲ့ခြင်း၊

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံတော်သမ္မတရုံးတွင် နိုင်ငံတော်အကြီး အကဲများ၏ပြည်ပခရီးစဉ်သွားရောက်မှုနည်းပါးခြင်း၊ မော်တော်ယာဉ်နှင့် စက် ပစ္စည်းပြင်ဆင်စရိတ်၊ ပြည်ပဧည့်သည်တော်များအတွက်ဧည့်ခံစရိတ်၊ သီးသန့် အသုံးစရိတ်များ လျော့နည်းပေးချေရခြင်း၊ အမျိုးသားလွှတ်တော်ရုံးတွင် ပြည်တွင်း/ ပြည်ပခရီးစဉ်နည်းပါးခြင်း၊ ငှားရမ်းခနှင့်ထုတ်လုပ်ခ၊ သယ်ယူပို့ဆောင်ခ၊ ရုံးအသုံး

အဆောင်ပစ္စည်းနှင့် ဓာတ်ဆီးဖိုးများ လျော့နည်းသုံးစွဲခဲ့ခြင်း၊ နိုင်ငံခြားဧည့်သည် လာရောက်မှုနည်းပါးခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် အခါအားလျော်စွာ ပေါ်ပေါက်လာမည့် ကော်မရှင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ ရန်ပုံငွေခွဲဝေချထားပေးခဲ့ရာ ယင်းကော်မရှင်အဖွဲ့ခွဲများ၏ အသုံးစရိတ်များ ပြည့်စုံစွာမပါဝင်သေးခြင်းကြောင့်လျော့နည်းရခြင်း၊

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၆၂၀.၈၄၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၂၂.၆၆၄ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၅၁.၉၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ (၆)လပတ် လျာထားချက် ကျပ် ၁၃,၁၀၃.၈၄၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၃,၄၉၉.၁၆၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၃.၀၂ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက်ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ ငွေလုံးငွေရင်းရငွေနှင့် ပတ်သက်၍ ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပြည်ထောင်စုလွှတ်တော်ရုံးတွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးအတွက် အကြံပေးအရာရှိအသုံးစရိတ်နှင့် အခြားအသုံးစရိတ်များ လျော့နည်းသုံးစွဲခဲ့သဖြင့် ပြည်ပအကူအညီရငွေ လျော့နည်းရရှိခြင်း၊

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ကြွေးမြီရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက် ကျပ် ၉၂၂.၄၃၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၇၃.၈၂၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၁.၃၇ ဖြစ်ပါသည်။ ကြွေးမြီရငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပြည်ထောင်စုလွှတ်တော်ရုံးတွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးအတွက် အကြံပေးအရာရှိအသုံးစရိတ်နှင့် အခြားအသုံးစရိတ်များ လျော့နည်းသုံးစွဲခဲ့သဖြင့် ကြွေးမြီရငွေ လျော့နည်းရရှိခြင်း၊

၂။ ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရငွေ၊ သုံးငွေများအပေါ် အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၂၉၉.၁၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေ ရရှိမှု ၅၁.၉၇ ရာခိုင်နှုန်း၊ ကြွေးမြီရငွေ ရရှိမှု ၅၁.၃၇ ရာခိုင်နှုန်းဖြစ်၍ စုစုပေါင်းရငွေ ရရှိမှု ၉၀.၅၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ ရငွေပိုင်းတွင် လျာထားချက်ထက် လျော့နည်းရရှိကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၆၄.၇၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၁၀၃.၀၂ ရာခိုင်နှုန်းဖြစ်၍ စုစုပေါင်းသုံးငွေ အကောင်အထည်ဖော်နိုင်မှု ၇၃.၈၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ အသုံးစရိတ်ပိုင်းတွင် လျာထားသည့်အတိုင်း သုံးစွဲနိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။

၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလ မှ မတ်လအထိ )

ပြည်ထောင်စုဝန်ကြီးဌာနဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ဝန်ကြီးဌာနဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | ၁,၂၆၅.၄၃၅ | ၃၀,၅၆၄.၀၉၅ | -၂၉,၂၉၈.၆၆၀ | ၂,၇၅၀.၁၅၆ | ၂၂,၆၂၂.၃၂၄ | -၁၉,၈၇၂.၁၆၈ | ၂၁၇.၃၃% | ၇၄.၀၂% |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၉,၃၃၆.၇၀၁ | ၁၉၅,၈၃၆.၇၇၉ | -၁၈၆,၅၀၀.၀၇၈ | ၃၀,၃၈၁.၇၉၆ | ၂၀၂,၅၈၃.၉၉၆ | -၁၇၂,၂၀၂.၂၀၀ | ၃၂၅.၄၀% | ၁၀၃.၄၅% |
| | ၄ | ကာကွယ်ရေး | ၃၉,၅၄၆.၆၀၄ | ၁,၉၁၆,၇၈၁.၃၉၂ | -၁,၈၇၇,၂၃၄.၇၈၈ | ၂၈,၃၅၅.၀၁၂ | ၂,၁၄၂,၇၁၂.၀၂၁ | -၂,၁၁၄,၃၅၇.၀၀၉ | ၇၁.၇၀% | ၁၁၁.၇၉% |
| | ၅ | နယ်စပ်ရေးရာ | ၃,၄၅၂.၀၀၉ | ၁၀၆,၃၇၂.၈၁၀ | -၁၀၂,၉၂၀.၈၀၁ | ၃,၆၅၄.၉၀၈ | ၁၀၄,၄၉၄.၂၄၇ | -၁၀၀,၈၃၉.၃၃၉ | ၁၀၅.၈၈% | ၉၈.၂၃% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၂,၁၉၈.၂၃၇ | -၂,၁၉၈.၂၃၇ | | ၈၇၁.၃၉၃ | -၈၇၁.၃၉၃ | | ၃၉.၆၄% |
| | ၇ | ပြန်ကြားရေး | ၁၁,၅၃၅.၇၅၃ | ၂၃,၅၆၇.၉၈၅ | -၁၂,၀၃၂.၂၃၂ | ၂၉,၅၅၁.၂၁၉ | ၂၁,၀၀၈.၈၅၄ | +၈,၅၄၂.၃၆၅ | ၂၅၆.၁၇% | ၈၉.၁၄% |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၁၄,၇၇၅.၈၅၉ | ၂၀,၃၄၅.၃၆၂ | -၅,၅၆၉.၅၀၃ | ၁၇,၇၄၀.၅၁၈ | ၁၇,၈၄၅.၂၀၁ | -၁၀၄.၆၈၃ | ၁၂၀.၀၆% | ၈၇.၇၁% |
| | ၉ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၃၇၉,၅၆၅.၉၅၀ | ၇၈၄,၃၅၃.၆၄၇ | -၄၀၄,၇၈၇.၆၉၇ | ၂၃၇,၇၀၄.၁၁၂ | ၆၇၆,၈၈၂.၆၃၃ | -၄၃၉,၁၇၈.၅၂၁ | ၆၂.၆၃% | ၈၆.၃၀% |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၉၅,၁၂၄.၃၅၆ | ၉၈,၀၇၆.၁၂၅ | +၁၉၇,၀၄၈.၂၃၁ | ၆၂၉,၇၁၅.၇၁၇ | ၇၆,၃၀၂.၆၁၀ | +၅၅၃,၄၁၃.၁၀၇ | ၂၁၃.၃၇% | ၇၇.၈၀% |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂၂,၈၀၅.၈၈၀ | ၁၆,၇၀၇.၅၂၃ | +၆,၀၉၈.၃၅၇ | ၃၄,၅၆၈.၀၀၅ | ၁၇,၉၈၀.၉၇၆ | +၁၆,၅၈၇.၀၂၉ | ၁၅၁.၅၇% | ၁၀၇.၆၂% |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၂၆,၂၇၆.၇၈၁ | ၂၁၀,၅၅၉.၃၁၂ | +၂၁၅,၇၁၇.၄၆၉ | ၃၄၀,၉၀၁.၈၅၇ | ၁၅၇,၄၇၁.၀၅၉ | +၁၈၃,၄၃၀.၇၉၈ | ၇၉.၉၇% | ၇၄.၇၉% |
| | ၁၃ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၁၆,၇၁၇.၆၇၆ | ၂၁,၄၈၆.၆၆၉ | -၄,၇၆၈.၉၉၃ | ၄၈,၅၉၈.၂၅၂ | ၁၈,၅၇၉.၃၆၃ | +၃၀,၀၁၈.၈၈၉ | ၂၉၀.၇၀% | ၈၆.၃၈% |
| | ၁၄ | စက်မှု | ၄,၈၇၁.၇၁၃ | ၁၂,၁၁၁.၀၈၀ | -၇,၂၃၉.၃၆၇ | ၆,၅၀၁.၂၉၇ | ၁၀,၄၁၀.၉၁၀ | -၃,၉၀၉.၆၁၃ | ၁၃၃.၄၅% | ၈၅.၉၆% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၀,၈၆၁.၆၀၃ | ၈,၂၁၆.၇၂၆ | +၂,၆၄၄.၈၇၇ | ၉,၁၈၁.၁၉၁ | ၇,၆၃၁.၂၁၂ | +၁,၅၄၉.၉၇၉ | ၈၄.၅၃% | ၉၂.၈၇% |
| | ၁၆ | ပညာရေး | ၁၄၆,၂၉၉.၇၂၅ | ၇၁၀,၆၉၃.၇၁၉ | -၅၆၄,၃၉၃.၉၉၄ | ၈၂,၇၈၇.၂၃၇ | ၉၈၀,၃၈၀.၃၇၈ | -၈၉၇,၅၉၃.၁၄၁ | ၅၆.၅၉% | ၁၃၇.၉၅% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၆၈,၂၅၂.၅၅၆ | ၃၄၉,၈၄၆.၉၀၉ | -၂၈၁,၅၉၄.၃၅၃ | ၅၀,၅၀၁.၃၄၆ | ၅၁၆,၈၄၄.၉၄၀ | -၄၆၆,၃၄၃.၅၉၄ | ၇၃.၉၉% | ၆၈.၉၃% |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၄,၃၄၇,၁၄၆.၈၄၅ | ၂,၀၅၆,၇၀၄.၂၀၃ | +၂,၂၉၀,၄၄၂.၆၄၂ | ၄,၀၄၈,၆၀၂.၅၄၇ | ၁,၇၈၉,၄၀၇.၃၆၉ | +၂,၂၅၉,၁၉၅.၁၇၈ | ၉၃.၁၃% | ၈၇.၀၀% |
| | ၁၉ | ဆောက်လုပ်ရေး | ၂၇၉,၂၄၃.၁၀၄ | ၄၁၀,၃၉၇.၇၆၅ | -၁၃၁,၁၅၄.၆၆၀ | ၁၁၃,၅၆၅.၁၈၆ | ၃၁၇,၃၁၄.၀၇၂ | -၂၀၃,၇၄၈.၈၈၆ | ၄၀.၆၇% | ၇၇.၃၂% |
| | ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁,၅၅၆.၀၂၀ | ၁၁,၈၂၀.၈၆၇ | -၁၀,၂၆၄.၈၄၇ | ၃၀၈.၅၇၀ | ၁၁,၆၆၄.၆၃၈ | -၁၁,၃၅၆.၀၆၈ | ၁၉.၈၃% | ၉၈.၆၈% |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၃၀,၅၂၈.၉၀၃ | ၂,၆၂၉.၀၃၆ | +၂၇,၈၉၉.၈၆၇ | ၂၂,၁၁၄.၀၆၃ | ၂,၃၉၀.၅၃၂ | +၁၉,၇၂၃.၅၃၁ | ၇၂.၄၄% | ၉၀.၉၃% |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၁,၅၅၈.၄၀၀ | -၁၅၅၈.၄၀၀ | ၀.၂၀၅ | ၅၂၁.၈၃၇ | -၅၂၁.၆၃၂ | | ၃၃.၄၉% |
| | | စုစုပေါင်း | ၆,၁၀၉,၁၆၃.၄၃၃ | ၇,၃၉၀,၈၂၈.၆၄၁ | -၁,၂၈၁,၆၆၅.၁၆၈ | ၅,၇၇၇,၄၈၃.၁၉၄ | ၇,၀၉၅,၉၀၀.၅၆၅ | -၁,၃၁၈,၄၁၇.၃၇၁ | ၉၃.၉၂% | ၉၆.၀၁% |

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလ မှ မတ်လအထိ )

## ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | ၁,၂၆၅.၄၃၅ | ၂၅,၃၇၄.၄၀၂ | -၂၄,၁၀၈.၉၆၇ | ၂,၆၇၉.၄၆၄ | ၂၀,၉၅၆.၄၂၀ | -၁၈,၂၇၆.၉၅၇ | ၂၁၁.၇၄% | ၈၂.၅၉% |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၉,၀၆၄.၈၈၇ | ၁၄၀,၉၇၆.၆၆၁ | -၁၃၁,၉၁၁.၇၇၄ | ၃၀,၁၂၈.၇၃၂ | ၁၄၆,၅၂၄.၈၁၉ | -၁၁၆,၃၉၆.၀၈၇ | ၃၃၂.၃၇% | ၁၀၃.၉၄% |
| | ၄ | ကာကွယ်ရေး | ၃၈,၁၁၈.၉၆၉ | ၉၅၀,၂၆၄.၆၀၉ | -၉၁၂,၁၄၅.၆၄၀ | ၂၈,၃၅၅.၀၁၂ | ၉၈၈,၉၆၆.၂၃၆ | -၉၆၀,၆၁၁.၂၂၄ | ၇၄.၃၉% | ၁၀၄.၀၇% |
| | ၅ | နယ်စပ်ရေးရာ | ၃,၄၅၂.၀၀၉ | ၂၄,၆၇၄.၇၃၆ | -၂၁,၂၂၂.၇၂၇ | ၃,၆၅၄.၉၀၈ | ၂၄,၄၁၁.၀၂၆ | -၂၀,၇၅၆.၁၁၈ | ၁၀၅.၈၈% | ၉၈.၉၃% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၂,၀၁၇.၃၆၂ | -၂,၀၁၇.၃၆၂ | | ၇၃၀.၅၁၂ | -၇၃၀.၅၁၂ | | ၃၆.၂၁% |
| | ၇ | ပြန်ကြားရေး | ၁၁,၃၃၅.၇၅၃ | ၁၉,၈၃၁.၃၀၅ | -၈,၂၉၅.၅၅၂ | ၂၉,၅၂၃.၉၂၉ | ၁၇,၅၆၃.၂၃၄ | +၁၁,၉၆၀.၆၉၅ | ၂၅၅.၉၃% | ၈၈.၅၆% |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၄,၄၂၀.၂၉၉ | ၁၁,၄၄၅.၇၂၅ | -၇,၀၂၅.၄၂၆ | ၇,၃၈၄.၉၅၈ | ၁၁,၀၀၁.၃၈၉ | -၃,၆၁၆.၄၃၁ | ၁၆၇.၀၇% | ၉၆.၁၂% |
| | ၉ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၁၆၄,၆၉၉.၃၂၀ | ၂၉၆,၉၃၁.၃၄၁ | -၁၃၂,၂၃၂.၀၂၁ | ၁၃၂,၇၃၇.၁၅၁ | ၂၈၈,၇၂၉.၅၄၀ | -၁၅၅,၉၇၂.၃၈၉ | ၈၀.၆၁% | ၉၇.၂၄% |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၆၉,၈၈၉.၀၁၉ | ၄၁,၀၅၈.၃၀၃ | +၂၂၈,၈၃၀.၇၁၆ | ၆၁၉,၉၁၃.၇၃၂ | ၂၇,၄၅၆.၆၆၁ | +၅၉၂,၄၅၇.၀၇၁ | ၂၂၉.၆၉% | ၆၆.၈၇% |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၉,၂၉၁.၃၆၅ | ၁၀,၄၀၉.၃၉၀ | +၈,၈၈၁.၉၇၅ | ၂၉,၈၅၀.၇၆၂ | ၁၀,၂၀၂.၈၅၈ | +၁၉,၆၄၇.၉၀၄ | ၁၅၄.၇၄% | ၉၈.၀၂% |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၃၃၂,၄၉၀.၇၁၅ | ၂၃,၇၇၅.၈၇၇ | +၃၄၈,၇၁၄.၈၃၈ | ၂၈၄,၂၉၄.၇၈၀ | ၂၁,၁၀၁.၃၁၆ | +၂၆၃,၁၉၃.၄၆၄ | ၇၆.၃၂% | ၈၈.၇၅% |
| | ၁၃ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၁၆,၇၁၇.၆၅၁ | ၁၈,၀၃၅.၁၂၇ | -၁,၃၁၇.၄၇၆ | ၄၈,၅၉၈.၁၉၆ | ၁၅,၂၃၀.၅၀၄ | +၃၃,၃၆၇.၆၉၂ | ၂၉၀.၇၀% | ၈၄.၄၅% |
| | ၁၄ | စက်မှု | ၈၈၇.၈၁၀ | ၄,၈၇၃.၃၅၄ | -၃,၉၈၅.၅၄၄ | ၁,၀၄၁.၇၆၆ | ၃,၇၅၇.၇၉၇ | -၂,၇၁၆.၀၃၁ | ၁၁၇.၃၄% | ၇၇.၁၁% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၈,၃၃၀.၈၅၀ | ၇,၆၆၁.၉၃၃ | +၆၆၈.၉၁၇ | ၈,၆၆၄.၆၇၁ | ၆,၇၆၂.၀၈၂ | +၁,၉၀၂.၅၈၉ | ၁၀၄.၀၁% | ၈၈.၂၆% |
| | ၁၆ | ပညာရေး | ၅၉,၃၇၇.၃၅၄ | ၅၂၅,၆၃၇.၉၅၇ | -၄၆၆,၂၆၀.၆၀၃ | ၂၈,၄၉၇.၀၉၅ | ၇၂၈,၅၆၅.၈၃၈ | -၇၀၀,၀၆၈.၇၄၃ | ၄၇.၉၉% | ၁၃၈.၆၁% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၂၈,၆၃၈.၈၆၁ | ၄၂၈,၁၈၁.၀၃၇ | -၃၉၉,၅၄၂.၁၇၆ | ၁၆,၂၄၉.၇၃၈ | ၃၁၅,၅၈၀.၇၀၁ | -၂၉၉,၃၃၀.၉၆၃ | ၅၆.၇၄% | ၇၃.၇၀% |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၄,၃၀၂,၅၄၀.၄၈၀ | ၁,၉၇၄,၈၇၉.၅၁၅ | +၂,၃၂၇,၆၆၀.၉၆၅ | ၄,၀၁၅,၈၄၈.၀၄၆ | ၁,၇၀၇,၆၂၉.၈၃၂ | +၂,၃၀၈,၂၁၈.၂၁၄ | ၉၃.၃၄% | ၈၆.၄၇% |
| | ၁၉ | ဆောက်လုပ်ရေး | ၄၉,၈၇၈.၃၄၇ | ၆၉,၇၆၇.၆၅၃ | -၁၉,၈၈၉.၃၀၆ | ၄၃,၀၁၃.၃၈၁ | ၇၅,၄၆၃.၉၈၁ | -၃၂,၄၅၀.၆၀၀ | ၈၆.၂၄% | ၁၀၈.၁၆% |
| | ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၁,၅၅၆.၀၂၀ | ၉,၁၉၂.၃၂၂ | -၇,၆၃၆.၃၀၂ | ၃၀၈.၅၇၀ | ၇,၈၇၀.၇၆၉ | -၇,၅၆၂.၁၉၉ | ၁၉.၈၃% | ၈၅.၆၂% |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၃၀,၄၆၁.၉၅၀ | ၂,၅၅၂.၇၅၄ | +၂၇,၉၀၉.၁၉၆ | ၂၂,၀၄၉.၉၂၉ | ၂,၃၃၈.၈၈၆ | +၁၉,၇၁၁.၀၄၃ | ၇၂.၃၉% | ၉၁.၆၂% |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၁,၂၆၃.၃၆၀ | -၁,၂၆၃.၃၆၀ | ၀.၂၀၅ | ၂၈၈.၃၃၂ | -၂၈၈.၁၂၇ | | ၂၂.၈၂% |
| | | စုစုပေါင်း | ၅,၃၉၂,၆၁၇.၀၉၄ | ၄,၅၈၈,၈၀၄.၇၂၃ | +၈၀၃,၈၁၂.၃၇၁ | ၅,၃၅၂,၈၁၅.၀၂၅ | ၄,၄၂၀,၁၃၂.၇၃၄ | +၉၃၁,၆၈၂.၂၉၁ | ၉၉.၂၆% | ၉၆.၃၅% |

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလ မှ မတ်လအထိ )

## ပြည်ထောင်စုဝန်ကြီးဌာနဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ဝန်ကြီးဌာနဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | ၅,၁၈၉.၆၉၃ | -၅,၁၈၉.၆၉၃ | ၇၀.၆၉၂ | ၁,၆၆၅.၉၀၃ | -၁,၅၉၅.၂၁၁ | | ၃၂.၁၀% |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၂၇၁.၈၁၄ | ၅၄,၈၆၀.၁၁၈ | -၅၄,၅၈၈.၃၀၄ | ၂၅၃.၀၆၄ | ၅၆,၀၅၉.၁၇၇ | -၅၅,၈၀၆.၁၁၃ | ၉၃.၁၀% | ၁၀၂.၁၉% |
| | ၄ | ကာကွယ်ရေး | | ၉၆၁,၀၄၉.၁၅၇ | -၉၆၁,၀၄၉.၁၅၇ | | ၁,၁၄၉,၀၇၄.၈၆၈ | -၁,၁၄၉,၀၇၄.၈၆၈ | | ၁၁၉.၅၆% |
| | ၅ | နယ်စပ်ရေးရာ | | ၈၁,၆၉၈.၀၇၄ | -၈၁,၆၉၈.၀၇၄ | | ၈၀,၀၈၃.၂၂၁ | -၈၀,၀၈၃.၂၂၁ | | ၉၈.၀၂% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၁၈၀.၈၇၅ | -၁၈၀.၈၇၅ | | ၁၄၀.၈၈၁ | -၁၄၀.၈၈၁ | | ၇၇.၈၉% |
| | ၇ | ပြန်ကြားရေး | | ၃,၇၃၆.၆၈၀ | -၃,၇၃၆.၆၈၀ | ၂၇.၂၉၀ | ၃,၄၄၅.၆၂၀ | -၃,၄၁၈.၃၃၀ | | ၉၂.၂၁% |
| | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၁၀,၃၅၅.၅၆၀ | ၈,၈၉၉.၆၃၇ | +၁,၄၅၅.၉၂၃ | ၁၀,၃၅၅.၅၆၀ | ၆,၈၄၃.၈၁၂ | +၃,၅၁၁.၇၄၈ | ၁၀၀.၀၀% | ၇၆.၉၀% |
| | ၉ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၁၂,၆၈၁.၄၃၉ | ၄၆၆,၆၀၇.၆၀၈ | -၄၅၃,၉၂၆.၁၆၉ | ၆,၆၁၂.၁၀၃ | ၃၆၇,၂၇၀.၁၃၄ | -၃၆၀,၆၅၈.၀၃၁ | ၅၂.၁၄% | ၇၈.၇၁% |
| | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၅,၉၁၂.၄၂၇ | ၅၄,၇၅၅.၂၀၂ | -၄၈,၈၄၂.၇၇၅ | ၂,၉၅၆.၄၁၈ | ၄၆,၄၉၁.၃၃၁ | -၄၃,၅၃၄.၉၁၃ | ၅၀.၀၀% | ၈၄.၉၁% |
| | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၃,၄၉၂.၀၁၅ | ၆,၂၉၈.၁၃၃ | -၂,၈၀၆.၁၁၈ | ၄,၆၉၀.၃၆၈ | ၇,၇၇၈.၁၁၈ | -၃,၀၈၇.၇၅၀ | ၁၃၄.၃၂% | ၁၂၃.၅၀% |
| | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၉၁၇.၈၀၉ | ၁၃၄,၈၉၄.၅၈၂ | -၁၃၃,၉၇၆.၇၇၃ | ၃,၈၆၀.၆၆၈ | ၁၂၅,၈၆၂.၆၂၉ | -၁၂၂,၀၀၁.၉၆၁ | ၄၂၀.၆၄% | ၇၁.၉၆% |
| | ၁၃ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၀.၀၂၅ | ၃,၄၅၁.၅၄၂ | -၃,၄၅၁.၅၁၇ | ၀.၀၅၆ | ၃,၃၂၈.၈၅၉ | -၃,၃၂၈.၈၀၃ | ၂၂၄.၀၀% | ၉၆.၄၅% |
| | ၁၄ | စက်မှု | ၃.၉၈၃.၉၀၃ | ၇.၂၃၇.၇၂၆ | -၃.၂၅၃.၈၂၃ | ၅.၄၅၉.၅၃၁ | ၆,၆၅၃.၁၁၃ | -၁,၁၉၃.၅၈၂ | ၁၃၇.၀၄% | ၉၁.၉၂% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂.၅၃၁.၅၀၆ | ၅၀၄.၇၉၃ | +၂.၀၂၆.၇၁၃ | ၅၁၆.၅၂၀ | ၈၆၉.၁၃၀ | -၃၅၂.၆၁၀ | ၂၀.၄၀% | ၁၇၂.၁၈% |
| | ၁၆ | ပညာရေး | ၅၈,၆၈၅.၃၇၀ | ၁၈၅,၀၅၅.၇၆၂ | -၁၂၆,၃၇၀.၃၉၂ | ၂၆,၃၈၉.၇၆၆ | ၂၅၁,၈၁၄.၅၆၀ | -၂၂၅.၄၂၄.၇၇၄ | ၄၄.၉၇% | ၁၃၆.၀၇% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၁၄,၇၀၃.၂၆၉ | ၃၂၁,၆၆၅.၈၇၂ | -၃၀၆,၉၆၂,၆၀၃ | ၁၂,၆၈၆.၃၈၅ | ၂၀၁,၂၆၄.၂၃၉ | -၁၈၈,၅၇၇.၈၅၄ | ၈၆.၂၈% | ၆၂.၅၇% |
| | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၇,၀၀၉.၈၃၄ | ၄၅,၆၅၈.၉၃၃ | -၈,၆၄၉.၀၉၉ | ၂၉.၅၈၀.၁၆၆ | ၄၂,၈၉၇.၆၃၄ | -၁၃,၃၁၇.၄၆၈ | ၇၉.၉၃% | ၉၃.၉၅% |
| | ၁၉ | ဆောက်လုပ်ရေး | ၈၄,၆၄၄.၇၄၆ | ၃၄၀,၆၈၇.၀၆၉ | -၂၅၆,၀၄၂.၃၂၃ | ၃၂.၇၂၃.၁၇၀ | ၂၄၁,၈၅၀.၀၉၁ | -၂၀၉,၁၂၆.၉၂၁ | ၃၈.၆၆% | ၇၀.၉၉% |
| | ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | ၂,၆၂၈.၅၄၅ | -၂,၆၂၈.၅၄၅ | | ၃.၇၉၃.၈၆၉ | -၃.၇၉၃.၈၆၉ | | ၁၄၄.၃၃% |
| | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၆၆.၉၅၃ | ၇၆.၂၈၂ | -၉.၃၂၉ | ၆၄.၁၃၄ | ၅၁.၆၄၆ | +၁၂.၄၈၈ | ၉၅.၇၉% | ၆၇.၇၀% |
| | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၂၉၅.၀၄၀ | -၂၉၅.၀၄၀ | | ၂၃၃.၅၀၅ | -၂၃၃.၅၀၅ | | ၇၉.၁၄% |
| | | စုစုပေါင်း | ၂၃၅.၂၅၆.၆၇၀ | ၂.၇၂၅.၄၃၀.၃၂၃ | -၂.၄၉၀.၁၇၄.၆၅၃ | ၁၃၆,၂၄၅.၈၉၀ | ၂.၅၉၃.၄၇၂.၃၂၀ | -၂.၄၆၀.၂၂၆.၄၂၉ | ၅၇.၉၀% | ၉၅.၁၀% |

၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် ( အောက်တိုဘာလ မှ မတ်လအထိ )

ပြည်ထောင်စုဝန်ကြီးဌာန/ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဥ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လ လျာထားချက် | | | ၂၀၁၆-၂၀၁၇ ဒုတိယ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | ဝန်ကြီးဌာန/ဦးစီးဌာနများ | | | | | | | | |
| ၁ | နိုင်ငံခြားရေး | | | | | | | | |
| ၂ | သမ္မတရုံး | | | | | | | | |
| ၃ | ပြည်ထဲရေး | | | | | | | | |
| ၄ | ကာကွယ်ရေး | ၁,၄၂၇.၆၃၅ | ၅,၄၆၇.၆၂၆ | -၄,၀၃၉.၉၉၁ | | ၄,၆၇၀.၉၁၇ | -၄,၆၇၀.၉၁၇ | | ၈၅.၄၃% |
| ၅ | နယ်စပ်ရေးရာ | | | | | | | | |
| ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | | | | | | |
| ၇ | ပြန်ကြားရေး | | | | | | | | |
| ၈ | သာသနာရေးနှင့်ယဥ်ကျေးမှု | | | | | | | | |
| ၉ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၂၀၂,၁၈၅.၁၉၁ | ၂၀,၈၁၄.၆၉၈ | +၁၈၁,၃၇၀.၄၉၃ | ၉၈,၃၃၄.၈၅၈ | ၂၀,၈၈၂.၉၅၉ | +၇၇,၄၅၁.၈၉၉ | ၄၈.၆၄% | ၁၀၀.၃၃% |
| ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၉,၃၂၂.၉၁၀ | ၂,၂၆၂.၆၂၀ | +၁၇,၀၆၀.၂၉၀ | ၆,၈၄၅.၅၆၇ | ၂,၃၅၄.၆၁၈ | +၄,၄၉၀.၉၄၉ | ၃၅.၄၃% | ၁၀၄.၀၇% |
| ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂၂.၅၀၀ | | +၂၂.၅၀၀ | ၂၆.၈၇၅ | | +၂၆.၈၇၅ | ၁၁၉.၄၄% | |
| ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၅၂,၈၆၈.၂၅၇ | ၁၁,၈၈၈.၈၅၃ | +၄၀,၉၇၉.၄၀၄ | ၅၂,၃၄၆.၄၀၉ | ၁၀,၅၀၇.၁၁၄ | +၄၂,၂၃၉.၂၉၅ | ၉၉.၀၇% | ၈၈.၃၈% |
| ၁၃ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | | | | | | | | |
| ၁၄ | စက်မှု | | | | | | | | |
| ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | -၀.၇၅၃ | ၅၀.၀၀၀ | -၅၀.၇၅၃ | | | | | |
| ၁၆ | ပညာရေး | ၂၈,၂၃၇.၀၀၁ | | +၂၈,၂၃၇.၀၀၁ | ၂၇,၉၀၀.၃၇၆ | | +၂၇,၉၀၀.၃၇၆ | ၉၈.၈၁% | |
| ၁၇ | ကျန်းမာရေးနှင့်အားကစား | ၂၄,၉၁၀.၄၂၆ | | +၂၄,၉၁၀.၄၂၆ | ၂၁,၅၆၅.၂၂၃ | | +၂၁,၅၆၅.၂၂၃ | ၈၆.၅၇% | |
| ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၇,၅၉၆.၅၃၁ | ၃၆,၁၆၅.၇၅၅ | -၂၈,၅၆၉.၂၂၄ | ၃,၁၇၄.၃၃၅ | ၃၈,၈၇၉.၉၀၃ | -၃၅,၇၀၅.၅၆၈ | ၄၁.၇၉% | ၁၀၇.၅၀% |
| ၁၉ | ဆောက်လုပ်ရေး | ၁၄၄,၇၂၀.၀၁၁ | -၅၆.၉၅၇ | +၁၄၄,၇၇၆.၉၆၈ | ၃၇,၈၂၈.၆၃၅ | | +၃၇,၈၂၈.၆၃၅ | ၂၆.၁၄% | |
| ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | | | | | | | | |
| ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | | | | | | |
| ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | | | | | | | | |
| | စုစုပေါင်း | ၄၈၁,၂၈၉.၇၀၉ | ၇၆,၅၉၂.၅၉၅ | +၄၀၄,၆၉၇.၁၁၄ | ၂၄၈,၄၂၂.၂၇၈ | ၇၇,၂၉၅.၅၁၁ | +၁၇၁,၁၂၆.၇၆၇ | ၅၁.၆၂% | ၁၀၀.၉၂% |

လှည့်ရန်

# ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၆)လပတ် လျာထားချက်ကျပ် ၅,၃၉၂,၆၁၇.၀၉၄ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅,၃၅၂,၈၁၅.၀၂၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၉.၂၆ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ (၆) လပတ် လျာထားချက် ကျပ် ၄,၅၈၈,၈၀၄.၇၂၃ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၄၂၀,၁၃၂.၇၃၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၆.၃၅ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် အချို့လိုင်စင်စီများသည် အမည်ပြောင်း လိပ်စာပြောင်းခြင်းများကြောင့် အခွန်ပိုဆောင်ရခြင်း၊ စက်မှု/စီးပွားမြေငှားဂရန်များ၊ ကျေးရွာမြေငှားဂရန်များ ထပ်မံခွင့်ပြုပေးခြင်းနှင့် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်လွှာ၊ စာအုပ်ရောင်းရငွေနှင့် ပြည်တွင်း၊ ပြည်ပတွင် စာအုပ်ပျောက်ဆုံးမှုအတွက် ဒဏ်ကြေးပေးသွင်းငွေများ၊ ဆိုင်ခန်းငှားရမ်းခကြွေးကျန်များရရှိခြင်း၊ မီးဘေးလုံခြုံရေးအတွက် အထပ်မြင့်အဆောက်အဦများ စစ်ဆေးခရငွေများပေးသွင်းခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) နှင့် ဆက်စပ်သည့်ရုပ်သံလိုင်းများမှ ရရန်ရှိသော ဝင်ငွေများရရှိခြင်း၊ ကင်မရာနှင့်မှန်ဘီလူးငှားရမ်းခများသတ်မှတ်ထားသည့် အကြိမ်ရေထက် ပိုမိုငှားရမ်းရခြင်း၊ လုပ်ငန်းစာရင်းများ ပိတ်သိမ်းရာတွင် OA Account လက်ကျန်များအား MD Account သို့ စာရင်းပြောင်းရွှေ့သည့် ဝင်ငွေများ ပါဝင်နေခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် နိုင်ငံခြားနှင့် ပြည်တွင်းသင်္ဘောများတွင် လုပ်ကိုင်မည့်ပုဂ္ဂိုလ်များ၏ အရည်အချင်းစစ်ဆေးခရငွေ၊ အပြည်ပြည်ဆိုင်ရာလေယာဉ်များ မြန်မာပြည်နယ်နိမိတ်အပေါ်ဖြတ်ကျော်ပျံသန်းမှုများနှင့် ငှားရမ်းခရငွေများ၊ ယာဉ်မောင်းလိုင်စင်

ရယူလိုသူ များပြားလာခြင်း၊ မော်တော်ဆိုင်ကယ်ကနဦးမှတ်ပုံတင်စီးရေ များပြားလာခြင်း၊ နှစ်လဲမှတ်ပုံတင်ဆောင်ရွက်သော ယာဉ်စီးရေများပြားလာခြင်း၊ယာဉ်စစ်ခရငွေများပိုမိုရရှိခြင်း၊ 2600 MHz လှိုင်းနှုန်းစဉ်တင်ဒါအောင်မြင်သောကုမ္ပဏီများနှင့် 4th Operator တို့ထံမှ လှိုင်းနှုန်းအခွန်အခရရှိခြင်း၊ Telenor Myanmar Ltd. နှင့် Ooredoo Myanmar Ltd. တို့ထံမှ နှစ်စဉ်ကြေး၊ လှိုင်းနှုန်းစဉ်စီမံခန့်ခွဲခ၊ ဆက်သွယ်ရေးနံပါတ် အသုံးပြုခနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများထံမှ နှစ်စဉ်ကြေးရရှိခြင်း၊ ဂြိုလ်တုချန်နယ်ငှားရမ်းခနှင့် စက်ပစ္စည်းနှင့် ပရိဘောဂများဝယ်ရန် တင်ဒါပုံစံရောင်းရငွေများ ပိုမိုရရှိခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင်နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ်(BD/TBP) ရောင်းရငွေများ၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြည်ပသို့သွားရောက်သည့် အလုပ်သမားများထံမှရရှိသည့် မှတ်ပုံတင်ကြေးနှင့် ဒဏ်ကြေးငွေများပိုမိုရရှိခြင်း ၊

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ပညာရေးဝန်ကြီးဌာနတွင် တင်ဒါပုံစံရောင်းရငွေ၊ ဆိုင်ခန်းငှားရမ်းခရငွေ၊ စာအုပ်ထုတ်ဝေရောင်းချရငွေနည်းပါးခြင်း၊ Unicef မှ သူငယ်တန်း (KG)သင်တန်းများအတွက် ပြည်ပအကူအညီရငွေလျော့နည်းရရှိခြင်း၊ Save the children မှ မူကြို/ KG များအတွက် ပြည်ပအကူအညီရငွေမရရှိခြင်း၊ JICA မှ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာပညာသင်ဆုအတွက် Import bill များသည် ၂၀၁၇ ခုနှစ် မတ်လ(၃၁)ရက်နောက်ပိုင်းမှ ရောက်ရှိလာသဖြင့် ပညာသင်ထောက်ပံ့ကြေးများကို ၂၀၁၇ ခုနှစ်၊ ဧပြီလဆန်းပိုင်းမှသာ စာရင်းပြုဆောင်ရွက်မည်ဖြစ်ခြင်း၊ ပြည်ပအကူအညီရငွေဖြင့် ကျောင်းများပြင်ဆင်ဆောင်ရွက်ရန်အတွက်လက်တွေ့ကွင်းဆင်း ဆောင်ရွက်ဆဲဖြစ်ခြင်း၊ Unicef မှ ပညာရေးမဟာဗျူဟာစီမံကိန်းအတွက် ပြည်ပအကူအညီရငွေမရရှိခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနတွင် (၁၀/၂၀၁၆) မှ(၁၂/၂၀၁၆)ထိ သက်သာဆိုင်ခန်းအားငှားရမ်းခြင်းမပြုခြင်း၊ ပြည်ပအကူအညီရငွေများလျာထားသည့်အတိုင်း မရရှိခြင်းတို့ကြောင့်လျော့နည်း ရခြင်း၊

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပညာရေးဝန်ကြီးဌာနတွင် ရခိုင်ပြည်နယ်၊ မောင်တောဒေသရှိဝန်ထမ်းများအား လစာ(၂)ဆ တိုးမြှင့်ခံစားစေခြင်း၊ ပညာရေးဝန်ထမ်းများအတွက် သင်တန်းများအား ဗဟိုအဆင့်၊ တိုင်းဒေသကြီး/

ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်များအထိ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ စာတက်မြောက်ရေးစခန်းရှိမြို့နယ်(၅၈)သို့ ကွင်းဆင်းသွားရောက်ခြင်း၊ တက္ကသိုလ်/ ဒီဂရီကောလိပ်/ ကောလိပ်/ ပညာရေးကောလိပ်တို့တွင် အဆောက်အဦများ ပြင်ဆင်ခြင်း၊ ဆေးသုတ်ခြင်း၊ လမ်းခင်းခြင်း၊ မော်တော်ယာဉ်နှင့် ရုံးသုံးစက်ပစ္စည်းများ ပြင်ဆင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့်ကုန်ကျငွေပေးချေရခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ပွင့်လင်းရာသီဖြစ်သဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအား အချိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခြင်း၊ World Road Association သို့ နှစ်စဉ်ကြေးပေးဆောင်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း တိုးမြင့်သွားခြင်းတို့ကြောင့် ပိုမိုသုံးစွဲခြင်း၊

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် လစာ၊ စရိတ်ချီးမြှင့်ငွေစသည့်များ၊ ခရီးစရိတ်၊ ပစ္စည်းများ၊ လုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် လွှဲပြောင်းသုံးစွဲငွေ အသုံးစရိတ်များ လျော့နည်းသုံးစွဲခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနတွင် ဖွဲ့စည်းပုံအရခွင့်ပြုထားသော အရာထမ်း၊ အမှုထမ်းများ ထပ်မံခန့်ထားနိုင်မှုမရှိခြင်း၊ လုပ်သက်ပင်စင်၊ သက်ပြည့်ပင်စင် ခံစားသူများရှိခြင်း၊ လုပ်ငန်းလိုအပ်ချက်အရ ပြည်တွင်း၊ပြည်ပခရီးစဉ် သွားလာမှုလျော့နည်းခြင်း၊ သင်တန်းစရိတ်ခြိုးခြံချွေတာသုံးစွဲခြင်းနှင့် အစည်းအဝေးများကျင်းပသည့် အကြိမ်ရေနည်းပါးခြင်း၊ ရေယာဉ်နှင့်အရံပစ္စည်းများဝယ်ယူရာတွင် လျာထားငွေထက်လျော့နည်းပေးချေရခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သော စီမံကိန်းအတွက် အသုံးစရိတ်များ သုံးစွဲရာတွင် ခန့်မှန်းထားသည့်အတိုင်း မသုံးစွဲနိုင်ခြင်း၊ IMO နှစ်စဉ်ကြေး ပေးသွင်းရာတွင် ငွေလဲလှယ်နှုန်းပြောင်းလဲခြင်း၊ LRIT Service Charges များလျော့နည်းတောင်းခံခြင်း၊ India Ocean Memorandum of Understanding အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားဆဲဖြစ်သဖြင့် နှစ်စဉ်ကြေးမပေးသွင်းရခြင်း၊ UPU၊ ITU သို့ နှစ်စဉ်ကြေးပေးချေရာတွင် သတ်မှတ်ထားသည့် ထည့်ဝင်ကြေးယူနစ်များ ပြောင်းလဲသည့်အပေါ် လျာထားရခြင်းကြောင့် လျော့နည်းရခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးတစ်ပါး ခန့်အပ်ခဲ့ခြင်းမရှိခြင်းနှင့် ဝန်ထမ်းများခန့်ထားနိုင်ခြင်းမရှိသဖြင့် လစာငွေ

လျော့နည်းခြင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားလာမှု လျော့နည်းခြင်း၊ အခွန်အခများ၊ ဓါတ်ဆီ၊ စက်ဆီ၊ တံဆိပ်ခေါင်းကြေးနန်းနှင့် တယ်လီဖုန်း အသုံးစရိတ်များ၊ လျှပ်စစ်ဓါတ်အားခများ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေနှင့် ဧည့်ခံကျွေးမွေးစရိတ်များ လျော့နည်းသုံးစွဲခြင်း ကြောင့်လျော့နည်းရခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ဝန်ကြီးဌာနအသစ်ဖွဲ့စည်းခြင်းဖြစ်သဖြင့် ဝန်ထမ်းများအား သတ်မှတ်ထား သည့်ကာလအတွင်းခန့်ထားနိုင်မှုမရှိဘဲ ၂၀၁၆၊ ဒီဇင်ဘာလမှစတင်ခန့်ထား နိုင်ပြီး၊ ရုံးလုပ်ငန်းများကို ဝန်ထမ်းများခန့်ထားပြီးမှသာ စတင်လည်ပတ် ဆောင်ရွက်နိုင်ခြင်း၊ ခရီးစဉ်အနည်း အငယ်သာရှိခြင်း၊ ရုံးအဆောက်အဦ ပြင်ဆင်မွမ်းမံမှု နည်းပါးခြင်း၊ ခွဲတမ်းရရှိသောကားများ အချိန်မီမရောက် ရှိခြင်းကြောင့် ပြင်ဆင်မှုနည်းပါးခြင်း၊ ဌာနဆိုင်ရာအစည်းအဝေးများ ကျင်းပပြုလုပ်မှုနည်းပါးသေးခြင်းနှင့် အသုံးစရိတ်များကို စိစစ်၍ ပေးချေ ခဲ့ခြင်းတို့ကြောင့် လျာထားချက် ထက်လျော့နည်းရခြင်း၊

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံး ငွေရင်းရငွေပိုင်းတွင် ဒုတိယ (၆)လပတ်လျာထားချက် ကျပ် ၂၃၅,၂၅၆.၆၇၀ သန်း ဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ်၁၃၆,၂၄၅.၈၉၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၇.၉၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ (၆)လပတ် လျာထားချက် ကျပ် ၂,၇၂၅,၄၃၁.၃၂၃ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၅၉၇,၄၇၂.၁၂၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၅.၃၀ ဖြစ်ပါသည်။ ငွေလုံး ငွေရင်းရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းသစ်အချို့အတွက် ရန်ပုံငွေလွှဲပို့မှုရောက်ရှိလာခြင်း၊ Sky Net Internet လိုင်းစက် အဟောင်းရောင်းချခြင်းနှင့် ရေဝေရေလဲစိုက်ခင်း ၈.၀၃ ဧကသည် အားကစားကွင်းဆောက်လုပ်မည့် ဧရိယာတွင် ပါဝင်သွား ပါသဖြင့် စိုက်ခင်းလျော်ကြေးငွေ ရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန တွင် ဘီလူးချောင်း(၃)စီမံကိန်းနှင့် သောက်ရေခပ်(၂)စီမံကိန်း တို့အတွက် ဌာနမှ စိုက်ထုတ်ပေးချေခဲ့သည့် Down Payment အပေါ်အနာဂတ် စွမ်းအားကုမ္ပဏီလီမိတက်နှင့် ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်တို့မှ ပြန်လည်

ပေးသွင်းသောကြောင့် ပိုမိုရရှိခြင်း၊ စက်မှုဝန်ကြီးဌာနတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၃၅-B)၊ မြေကွက်အမှတ်(၁၅/၁) ရောင်းချရငွေရရှိခဲ့ခြင်းတို့ကြောင့် ပိုမိုရရှိခြင်း၊

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေမှာ JICA မှ Grant Aid အဖြစ် ဆောင်ရွက်ပေးသော ရေဒါအဆောက်အဦ ဆောက်လုပ်နေဆဲဖြစ်၍ ငွေတောင်းခံလာခြင်းမရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် သိုလှောင်ရုံများ လျာထားသည့်အတိုင်းရောင်းချနိုင်မှုမရှိခြင်းနှင့် ကျောက်ဆည်ဖွဲ့နှဆီစက်မှာပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ ရောင်းချရန်အပ်နှံထားသော်လည်း ရောင်းချနိုင်မှုမရှိခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် JICA မှ အကူအညီဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အဆောက်အဦ(၂)လုံး ဆောက်လုပ်မှုအတွက် ပြီးစီးမှုရာခိုင်နှုန်းခန့်မှန်းထားသည်ထက် လျော့နည်း၍ Claim Bill ဖြင့်အချိန်မီတောင်းခံလာခြင်းမရှိခြင်း၊ သဘာဝဘေးမှကာကွယ်နိုင်မှုစနစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းအတွက် (JST/JICA) မှ လှူဒါန်းမည့်စက်ပစ္စည်းများမရောက်ရှိသေးခြင်း၊ အိန္ဒိယနိုင်ငံအစိုးရမှ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်အတွက် သင်ထောက်ကူပစ္စည်းများ၊ လက်တွေ့ခန်းသုံးပစ္စည်းများနှင့် Data Center ဆိုင်ရာချိတ်ဆက်မှုများ ဆောင်ရွက်ဆဲအဆင့်သာရှိခြင်း၊ ကျောင်းများဆောက်လုပ်ခြင်းအတွက် JICA နှင့် Unicef တို့မှ ပြည်ပအကူအညီရငွေလျော့နည်းရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့ အကျိုးတူဆောင်ရွက်ခဲ့သော မြို့တော်အိမ်ရာစီမံကိန်းမှ တိုက်ခန်းတန်ဖိုးများပေးသွင်းရန် ကျန်ရှိသေးခြင်းနှင့် အိန္ဒိယအစိုးရ၏ မူဝါဒအရ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်မပြုသည့်အတွက် ပြည်ပအကူအညီရငွေများ ရယူနိုင်ခြင်းမရှိသဖြင့် လျာထားချက်ထက်လျော့နည်းရခြင်း၊

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းများနှင့် သင်ထောက်ကူစာအုပ်များ ဝယ်ယူခြင်း၊ စိုက်ခင်းအသုံးစရိတ်များ သုံးစွဲခြင်းတို့ကြောင့် ပိုမိုရခြင်း၊ စီးပွားရေး

နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ပထမ(၆)လပတ်အတွင်း သုံးစွဲရန် လျာထားခဲ့သော တည်ဆောက်ရေးလုပ်ငန်းများမှာ ဒုတိယ(၆) လပတ်အတွင်းမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တင်ဒါခေါ်ယူပြီးစီးခဲ့ခြင်းနှင့် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်း(၅)မျိုး၊ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် ရုံးသုံး ယာဉ်များဝယ်ယူပြင်ဆင်ရန် အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲခဲ့ သဖြင့် ပိုမိုရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်း များကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ဖြစ်၍ ရာနှုန်းပြည့်ပြီးစီးလာပြီဖြစ်သဖြင့် ပြီးစီးမှုအလိုက် ငွေပေးချေရခြင်း၊ စက်ပစ္စည်းများမှာ ကုမ္ပဏီများမှ ပစ္စည်း ပေးသွင်းလာသဖြင့် ငွေပေးချေရခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများ သတ်မှတ်ထားသည့် ရာခိုင်နှုန်းပြည့်မီအောင်ဆောင်ရွက်ခဲ့သဖြင့် သတ်မှတ် ရာခိုင်နှုန်းအလိုက် ငွေပေးချေရခြင်း၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂ များဝယ်ယူမှုများပြားခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဒုတိယအရစ်ငွေများ၊ တတိယအရစ်ငွေများ၊ စတုတ္ထအရစ်ငွေများ ပေးချေ နိုင်ခြင်း၊ ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂများဝယ်ယူခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်း၊

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာများ ၊ ပရိဘောဂများ ၊ အခြားရုံးသုံးပစ္စည်းခေါင်းစဉ် အောက်တွင် အမှန်တကယ်လိုအပ်ပြီး ဈေးနှုန်းသက်သာသည့် ပစ္စည်းများ ကို ဝယ်ယူခဲ့ခြင်း၊ အခြားခေါင်းစဉ်တွင် နယ်နိမိတ်ကိစ္စရပ်များ နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်ရသော လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခဲ့ သောကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းများအား သုံးစွဲ နေဆဲဖြစ်ခြင်း၊ စက်ပစ္စည်းအချို့၏ တင်ဒါဈေးနှုန်းလျော့နည်းခြင်း၊ အချို့ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာနှစ်၌ ထုတ်ယူရန် ယာယီစာရင်းတင်ပြထားခြင်း၊ ECC မှ ခွင့်ပြုမိန့်မရသော

အသုံးစရိတ်များကို ပြန်လည်အပ်နှံရခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် အိန္ဒိယအစိုးရအကူအညီရငွေဖြင့် ဆောင်ရွက်မှုများမှာ မူဝါဒအရ တည်ဆောက်ရေးလုပ်ငန်းများ ခွင့်မပြု၍ ဆောင်ရွက်မှုမရှိခဲ့ခြင်း၊ ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများမှာ ညှိနှိုင်းဆောင်ရွက်နေဆဲ ဖြစ်ခြင်း၊ အသစ်ဖောက်လုပ်မည့် လမ်းများ တိုင်းတာရန်မလိုအပ်ခြင်း၊ နိုင်ငံတော်ထောက်ပံ့ငွေ၏ ရငွေဖြင့် ဝယ်ယူမည့် စက်ပစ္စည်းများမှာ စာချုပ်အရ ပထမအရစ် ၃၆% သာပေးချေခဲ့ရခြင်း၊ အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကင်းလွတ်ခွင့် ရရှိခဲ့ခြင်း၊ အချို့ပုဂ္ဂိုလ်များမှာ ယခင်အစိုးရလက်ထက် ထုတ်ယူခဲ့ပြီးဖြစ်၍ နေအိမ် ပရိဘောဂ စရိတ် ထုတ်ယူမှုမရှိခဲ့ခြင်း၊ သာကေတ တံတား၏ Consultant Fee မှာ ၅၀% သာ ပေးချေခဲ့ရခြင်းတို့ကြောင့် လျာထားချက်ထက်လျော့နည်းရခြင်း၊

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ကြွေးမြီရငွေပိုင်းတွင် ဒုတိယ(၆)လပတ်လျာထားချက် ကျပ်၄၈၁,၂၈၉.၇၀၉သန်း ဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၄၈,၄၂၂.၂၇၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၁.၆၂ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၆)လပတ်လျာထားချက် ကျပ် ၇၆,၅၈၂.၅၉၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၇,၂၉၅.၅၁၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀.၉၂ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း လီမိတက်(JV)မှအမြတ်ဝေစုရငွေ ပိုမိုရရှိခြင်းကြောင့် လျာထားချက်ထက် ပိုမိုရခြင်း၊

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် စာရင်းပြုစုရေးဆွဲရန်အတွက် အထောက်အထားလုံလောက်မှု မရှိသေးသဖြင့် ထည့်သွင်းဖော်ပြနိုင်ခြင်းမရှိဘဲ စာရင်းစစ်ဆေးပြီး အမှန်သုံးစာရင်းမှသာ ထည့်သွင်းဖော်ပြရခြင်းကြောင့် လျော့နည်းရခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေ၊IFAD ချေးငွေနှင့် World Bank ချေးငွေတို့ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်းရေးဆွဲရခြင်းဖြစ်ဆဲကြောင့် လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် လျော့နည်း

